## က။ ပရိမဏ္ဍလဝဂ်

**အမှာ။** ။သိက္ခာပုဒ်အစုကို ပါဠိလို "ဝဂ္ဂ"ဟု ခေါ်၍ မြန်မာလို "ဝဂ်=အပေါင်းအစု"ဟု ခေါ်၏၊ ပရိမဏ္ဍလသိက္ခာပုဒ်ကို အစထားသောဝဂ်ကို "ပရိမဏ္ဍလဝဂ်"ဟု ခေါ်၏၊ ဤဝဂ်၌ သိက္ခာပုဒ်ပေါင်း ဆယ်ပါးရှိသည်၊ ဤသေခိယသိက္ခာပုဒ်များကို ကိုရင်ကလေးများအတွက် ဖတ်စာ ဖြစ်အောင် ရေးထားပါသည်၊ ကိုရင်ကလေးများကို အဖတ်ခိုင်း၍ ဆရာဘုန်းကြီးက အဓိပ္ပါယ်နားလည်အောင် သင်ပြပါလေ၊ ကျောက်သင်ပုန်းမှာ ဖြစ်စေ ဗလာစာအုပ်မှာဖြစ်စေ အကူးခိုင်း၍ ဖတ်စေလျှင် လက်ရေးသင်ပြီးလည်း ဖြစ်နိုင်ပါသည်။ [ကိုရင်၏ နာမည်ကို "ဗုဒ္ဓရက္ခိတ"ဟု မှည့်ထားကြပါစို့။]

## ပရိမဏ္ဍလသိက္ခာပုဒ် ၂-ပါး

**သင်းပိုင်ဝတ်ပုံ။** ။ကိုရင် ဗုဒ္ဓရက္ခိတ....ခါးမှာ ဝတ်အပ်သော အဝတ်ကို "သင်းပိုင်"ဟု ခေါ်သည်၊ အဲဒီ သင်းပိုင်ကို ဝတ်သောအခါ ချက်ကို ဖုံးမိအောင် ဝတ်ရ၏၊ ခါးဘက်က အပေါ်မှာတက်နေ၍ ချက်ဘက်က အောက်လျှော ကျနေအောင် မဝတ်ရပါ၊ အောက်ပိုင်းမှာလဲ ဒူးဆစ်အောက် လက်ရှစ်သစ်လောက်ချပြီး ရှေ့ရောနောက်ရော(ကတ်ကျေးနှင့် ညှို၍ ဖြတ်ထားသလို) ဝိုင်းနေအောင် ဝတ်ရသည်၊ အဲဒီလို ဝတ်ခြင်းကို "ပရိမဏ္ဍလဖြစ်အောင် ဝတ်ခြင်း"ဟု ခေါ်ပါသည်၊ [ပရိ=အထက် အောက် ပတ်ဝန်းကျင်+မဏ္ဍလ= ဝိုင်းနေသည်။]